**ပတ်ဝန်းကျင်ဆိုင်ရာအစီရင်ခံစာများ ပြုစုရေးသားရန်အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းလိုင်စင်ရယူထားသော အကြံပေးအဖွဲ့အမျိုးအစား(က)(၄)ဖွဲ့ နှင့် အကြံပေးအဖွဲ့အမျိုးအစား(ခ)(၄)ဖွဲ့ စာရင်းအား ထုတ်ပြန်ခြင်း**

စီမံကိန်းအဆိုပြုသူများအနေဖြင့် လုပ်ငန်းလိုင်စင်ဆိုင်ရာစိစစ် သုံးသပ်ရေးဘုတ်အဖွဲ့မှ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် (၁၁) အရ လုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်ရန် အပြီးသတ်စိစစ်ပြီး အပိုဒ် (၁၂) အရ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပေးအဖွဲ့အမျိုးအစား(က)(၄)ဖွဲ့နှင့် အကြံပေးအဖွဲ့အမျိုးအစား(ခ)(၄)ဖွဲ့ အနေဖြင့် အကြံပေးအဖွဲ့အမျိုးအစား(က)နှင့် အကြံပေးအဖွဲ့အမျိုးအစား(ခ) လုပ်ငန်းလိုင်စင်သာလျှင် လုပ်ထုံးအညီ ခွင့်ပြုခြင်းဖြစ်ပြီး တင်ပြလာသော တတိယပုဂ္ဂိုလ်များသည် လိုအပ်သော ကျွမ်းကျင်မှုနယ်ပယ် ရယူထားသည့် လုပ်ငန်းလိုင်စင်ရ တတိယပုဂ္ဂိုလ်များ ပြည့်စုံခြင်း မရှိသေးပါသဖြင့် ခွင့်ပြုသည့်စီမံကိန်းလုပ်ငန်းများ မရှိသေးပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

## ပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ အကြံပေးအဖွဲ့အမျိုးအစား(က)(၄)ဖွဲ့နှင့် အကြံပေးအဖွဲ့အမျိုအစား(ခ)(၄)ဖွဲ့မှ လုပ်ငန်းလိုင်စင်ရရှိထားမှုစာရင်း

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား | ခွင့်ပြုသည့်စီမံကိန်းလုပ်ငန်းအုပ်စု |
|---|---|---|---|
| ၁။ | Myanmar Survey Research Co.,Ltd | အကြံပေးအဖွဲ့ အမျိုးအစား(က) | အကြံပေးအဖွဲ့ အမျိုးအစား(က) လုပ်ငန်းလိုင်စင်သာလျှင် ခွင့်ပြုခြင်းဖြစ်ပြီး လိုအပ်သောကျွမ်းကျင်မှုနယ်ပယ်ပြည့်စုံခြင်းမရှိသေးပါသဖြင့် ခွင့်ပြုသည့် စီမံကိန်း လုပ်ငန်းအုပ်စု မရှိသေးပါ။ |
| ၂။ | Myanmar Environment Sustainable Conservation Co.,Ltd | အကြံပေးအဖွဲ့ အမျိုးအစား(က) | |
| ၃။ | Environmental Compliance Consultancy Co.,Ltd | အကြံပေးအဖွဲ့ အမျိုးအစား(က) | |
| ၄။ | CRE (Consultant, Research & Education) Co., Ltd. | အကြံပေးအဖွဲ့ အမျိုးအစား(က) | |
| ၅။ | MYANWEI Environmental Solutions Co.,Ltd | အကြံပေးအဖွဲ့ အမျိုးအစား(ခ) | အကြံပေးအဖွဲ့ အမျိုးအစား(ခ) လုပ်ငန်းလိုင်စင်သာလျှင် ခွင့်ပြုခြင်းဖြစ်ပြီး လိုအပ်သောကျွမ်းကျင်မှုနယ်ပယ်ပြည့်စုံခြင်းမရှိသေးပါသဖြင့် ခွင့်ပြုသည့် စီမံကိန်း လုပ်ငန်းအုပ်စု မရှိသေးပါ။ |
| ၆။ | Environmental Assessment Services Co.,Ltd | အကြံပေးအဖွဲ့ အမျိုးအစား(ခ) | |
| ၇။ | Kalaw Citizen Mineral Exploration and Mining Co., Ltd. | အကြံပေးအဖွဲ့ အမျိုးအစား(ခ) | |
| ၈။ | Total Business Solutions Co., Ltd. | အကြံပေးအဖွဲ့ အမျိုးအစား(ခ) | |

**ပတ်ဝန်းကျင်ဆိုင်ရာအစီရင်ခံစာများ ပြုစုရေးသားရန်အတွက် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းလိုင်စင်ရယူထားသော တတိယပုဂ္ဂိုလ် (၁) ဦး စာရင်းအား ထုတ်ပြန်ခြင်း**

စီမံကိန်းအဆိုပြုသူများအနေဖြင့် လုပ်ငန်းလိုင်စင်ဆိုင်ရာစိစစ် သုံးသပ်ရေးဘုတ်အဖွဲ့မှ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် (၁၁) အရ လုပ်ငန်းလိုင်စင်ထုတ်ပေးနိုင်ရန် အပြီးသတ်စိစစ်ပြီး အပိုဒ် (၁၂) အရ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်သည့် တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ လုပ်ငန်းလိုင်စင်ရယူထားသော ပူးတွဲဖော်ပြပါ တတိယပုဂ္ဂိုလ် (၁) ဦးဖြင့် မိမိတို့၏ စီမံကိန်းများအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၃၂၊ ၄၅၊ ၇၆ တို့အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာများ ပြုစုရေးသားရန်အတွက် ရွေးချယ်လုပ်ကိုင်ဆောင်ရွက်နိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းပြုလုပ်သည့် တတိယပုဂ္ဂိုလ်
သို့မဟုတ် အဖွဲ့အစည်းများ လုပ်ငန်းလိုင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ
လုပ်ငန်းလိုင်စင်ရယူထားသော တတိယပုဂ္ဂိုလ်(၁)ဦးစာရင်း**

| စဉ် | အမည် | အမျိုးအစား | ခွင့်ပြုနယ်ပယ် |
|---|---|---|---|
| ၁။ | Mr.Atsushi Minami | တွဲဖက်အကြံပေး ပုဂ္ဂိုလ် | (၁) လေထုညစ်ညမ်းမှုစောင့်ကြပ်ကြည့်ရှုခြင်း<br>(၂) ရေထုညစ်ညမ်းမှုကြိုတင်ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိခိုက်မှုကြိုတင်ခန့်မှန်းခြင်း |